ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၃၂ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

( ၂၀၂၂ ခုနှစ်၊ မေလ ၂ ရက် )

## ပြည်ပမှ တင်သွင်းသည့် ကုန်စည်များနှင့်စပ်လျဉ်း၍ သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သော ကုန်စည်လိုင်းများအဖြစ် သတ်မှတ်ခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနောက်ဆက်တွဲအနေဖြင့် စီးပွားရေးလုပ်ငန်းများတုံ့ဆိုင်းခြင်းကို ပြန်လည်ကုစားနိုင်ရန်၊ နိုင်ငံ၏ ပို့ကုန်တင်ပို့မှု၊ သွင်းကုန်တင်သွင်းမှုများ စနစ်တကျရှိစေရန်နှင့် ပြည်ပမှ ကုန်စည်များတင်သွင်းမှုအတွက် နိုင်ငံခြားငွေကြေးအသုံးပြုမှုကို ထိန်းညှိဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြည်ပမှတင်သွင်းသည့်ကုန်စည်အချို့ကို သွင်းကုန်လိုင်စင်စနစ်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ ကုန်စည်လိုင်းများကို သွင်းကုန်လိုင်စင်စနစ်သို့ ပြောင်းလဲကျင့်သုံးရာတွင် ယခင်က သွင်းကုန်လိုင်စင် လျှောက်ထားရန်မလိုသော ကုန်စည်များအဖြစ် သတ်မှတ်ထားသည့် ကုန်စည်လိုင်းများအနက် 2017 Customs Tariff of Myanmar အရ HS.Code 6 digit ဖြင့် ကုန်စည် ၂၄၄၇ လိုင်း သို့မဟုတ် HS.Code 10 digit ဖြင့် ကုန်စည် ၅၁၀၁ လိုင်းကို သွင်းကုန်လိုင်စင် လျှောက်ထားရန် လိုသောကုန်စည်လိုင်းများအဖြစ် သတ်မှတ်လိုက်သည်။ အဆိုပါသွင်းကုန်လိုင်စင် လျှောက်ထားရန် လိုသော ကုန်စည်လိုင်းများအတွက် လိုင်စင်စတင်လျှောက်ထားရယူပြီးမှ တင်သွင်းခွင့်ပြုမည့်ကာလ သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ HS. Code 10 digit ဖြင့် ကုန်စည် ၃၀၇၀ လိုင်းအား ပထမအဆင့် အဖြစ် သတင်းလွှာ (၁၈/၂၀၂၂) ဖြင့် ထုတ်ပြန်ထားပြီး ကျန်ကုန်စည်လိုင်း ၂၀၃၁ အား ဒုတိယအဆင့်နှင့် တတိယအဆင့်အဖြစ် သတင်းလွှာများ ဆက်လက်ထုတ်ပြန်၍ အသိပေးသွားမည် ဖြစ်သည်။

၃။ ယခင်အမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၂၀ အရ သွင်းကုန်လိုင်စင် လျှောက်ထားရန် လိုအပ်သော HS.Code 10 digit ဖြင့် ကုန်စည်လိုင်း ၃၉၃၁ လိုင်း အပါအဝင် ပူးတွဲပါ HS Code 10 digit ဖြင့် ကုန်စည်လိုင်း ၉၀၃၂ လိုင်းသည် သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သော ကုန်စည်လိုင်းများဖြစ်ကြောင်းနှင့် အပိုဒ် ၂ နှင့် ၃ ပါ လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအနက် မည်သည့်ကုန်စည်ကိုမဆို ပြည်ပမှ ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး

လမ်းကြောင်းများမှ တင်သွင်းရာတွင် သက်ဆိုင်ရာသတင်းလွှာများပါ သတ်မှတ်သည့်ကာလမှ စတင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ သွင်းကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်သွင်းခွင့်ပြုမည် ဖြစ်သည်။

၄။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် ၂၂-၁၀-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၂၀ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ)

ဒေါက်တာပွင့်ဆန်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊ စက - ၁၁/ ၂ - ၃၇ / ၂၀၂၂ ( ၃ )
ရက်စွဲ ၊ ၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
(ညီနောင်အသင်းအဖွဲ့များထံထပ်မံဖြန့်ဝေပေးပါရန်မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။)

အမိန့်အရ

မင်းမင်း
အမြဲတမ်းအတွင်းဝန်